# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

အမှတ် (၂၅)၊ ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၀၁၇

## ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဥပဒေ(မူကြမ်း)အား အရပ်ဘက်အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ နှစ်ရက်ကြာပြုလုပ်

ဖေဖော်ဝါရီ ၁၇၊ ၂၀၁၇

ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဥပဒေ(မူကြမ်း)အား အရပ်ဖက်အဖွဲ့အစည်း (CSO)များထံမှ သဘောထားအမြင်ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခင်က စည်ပင်ကော်မတီများဖွဲ့စည်းခဲ့ရာတွင် အာဏာရှင်များနှင့်ပေါင်းပြီး ဖွဲ့စည်းခဲ့ခြင်းကြောင်း၊ ယင်းစည်ပင်ကော်မတီများ လုပ်ခဲ့ကြသည်များကို အယုံအကြည်မရှိသည့်အတွက် ယခုအခါတွင် မဲစနစ်ဖြင့် စည်ပင်ကော်မတီများကို ရွေးချယ်သွားရန် ဆွေးနွေးဆုံးဖြတ်ကြောင်း၊ စည်ပင်ကော်မတီထဲတွင် အရွေးချယ်ခံမည့်သူများ၏ အရည်အချင်းများကို သတ်မှတ်ထားသည်များ ရှိကြောင်း ဘူးသီးတောင် CSO ကိုယ်စားပြု ကိုဝင်းနိုင်က ဆိုသည်။

"အခုရေးဆွဲနေတဲ့ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေ(မူကြမ်း)မှာ CSO တွေရဲ့ သဘောထားတွေ ပါဝင်တဲ့အတွက် ပိုပြီးတော့ကောင်းပါတယ်။ ဒါပေမယ့် ဥပဒေတစ်ခုပြဋ္ဌာန်းပြီးဆိုလို့ရှိရင် အဲဒီဥပဒေစိုးမိုးမှုဟာ ပိုပြီးတော့အရေးကြီးပါတယ်။ ဥပဒေတွေ ဘယ်လောက်ပဲပြဋ္ဌာန်း၊ ပြဋ္ဌာန်း၊ ဥပဒေစိုးမိုးမှုမရှိဘူးဆိုရင် အဲဒီဥပဒေတွေဟာ အလကားပါပဲ" ဟု ကိုဝင်းနိုင်က ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော အတည်ပြုချက်ကို လာမည့် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရခိုင်ပြည်နယ် လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်သည်။

*(ကိုးကား- Rakhine Gazette မှ ကောက်နုတ်တင်ပြသည်။)*

### သတင်းဓာတ်ပုံ



ကရင်ပြည်နယ်လွှတ်တော်ရုံးခန်းမတွင် ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော်၏ နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ကျင်းပနေစဉ်။

*(ကိုးကား - Kayin State Huttaw Facebook Page)*

## သတင်းတို

■ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမအကြိမ်ပုံမှန်အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ်လ (၇) ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

*(ကိုးကား - Sagain Region Hluttaw Facebook Page)*



■ သမ္မတရုံးညွှန်ကြားချက်အရ မြန်မာတစ်ပြည်လုံး မြေယာခွန်ဥပဒေ ပြဋ္ဌာန်းနိုင်ရန်နှင့် မြေယာခွန်များစနစ်တကျ စည်းကြပ်နိုင်ရန် ၂၀၁၂ ခုနှစ် ကတည်းက ရေးဆွဲပြဋ္ဌာန်းခဲ့သော မွန်ပြည်နယ်မြေယာခွန်ဥပဒေ (ဥပဒေအမှတ်-၉) အား အကောင်အထည်ဖော်ရန်အတွက် မွန်ပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီမှ ပြန်လည်သုံးသပ်သည့် အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။ လက်ရှိအချိန်တွင် မွန်ပြည်နယ် မြေယာခွန်ဥပဒေ အကောင်အထည်ဖော်ရေး ဆွေးနွေးနေပြီး နိုဝင်ဘာလတွင် အကောင်အထည်ဖော်မည်ဟုသိရသည်။

*(ကိုးကား-မွန်ပြည်နယ်လွှတ်တော်၊ ဥပဒေပြုရေးကော်မတီ)*

# မကွေးတိုင်းလွှတ်တော် အဆောက်အအုံသစ် တည်ဆောက်ရန် တင်ဒါအဆိုပြုလွှာများ စတင်ခေါ်ယူ

ဖေဖော်ဝါရီ ၉၊ ၂၀၁၇



*မကွေးတိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံအသစ် ဆောက်လုပ်ရန် သတင်းမီဒီယာတွေ့ဆုံပွဲကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပနေစဉ်။ (ဓာတ်ပုံ-မကွေးတိုင်းဒေသကြီးလွှတ်တော် Facebook Page)*

မကွေးတိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံသစ်တည်ဆောက်မည့် စီမံကိန်းအတွက် စိတ်ဝင်စားသည့် ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါအဆိုပြုလွှာများ စတင်ခေါ်ယူနေပြီဖြစ်ကြောင်း မကွေးတိုင်းလွှတ်တော်ရုံးမှ သတင်းရရှိသည်။

လွှတ်တော်အဆောက်အအုံအသစ်ကို မကွေးမြို့ လေ့ကျင့်ရေးဂေါက်ကွင်းတွင် ယခုဘဏ္ဍာနှစ်အတွင်း စတင်တည်ဆောက်ရန်ရှိနေပြီး ၇ ဒသမ ၄၈ ဧက အကျယ်ရှိမြေနေရာကို တိုင်းအစိုးရက စီစဉ်ပေးထားကြောင်း လွှတ်တော်ဒု-ဥက္ကဋ္ဌကပြောသည်။ လွှတ်တော်ရုံးအသစ် တည်ဆောက်ရန် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတစ်ဘီလီယံ ရရှိထားပြီး တိုင်းအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံတွက်ချက်မှုအရ လာမည့်ဘဏ္ဍာနှစ်တွင် ကျပ် ၃.၅ ဘီလီယံ တောင်းခံထားကြောင်း ၎င်းကပြောသည်။

လွှတ်တော်တည်ဆောက်မည့် စီမံကိန်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအစိုးရအဖွဲ့ဝန်ကြီးများနှင့် တည်ဆောက်ရေးပညာရှင်များ ပါဝင်သော ကော်မတီလေးခုဖွဲ့စည်းကာ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

တိုင်းလွှတ်တော် အဆောက်အအုံကို လာမည့်မတ်လတွင် စတင်တည်ဆောက်ရန် မျှော်မှန်းထားသည်။

*(ကိုးကား - www.7daydaily.com မှ ကောက်နုတ်တင်ပြသည်။)*




## သတင်းဓာတ်ပုံ

ဖေဖော်ဝါရီ လ ၁၇ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနေရာကို ဗိုလ်မှူးကြီးဇော်လွင်အစား ဗိုလ်မှူးကြီးကျော်ဇေယျအား အစားထိုးခန့်အပ်ခဲ့ကြောင်း သိရသည်။

*(ကိုးကား - The Voice Daily)*

| ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ် | စုစည်းတင်ပြသူ ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း | ဆက်သွယ်ရန် ၀၉-၂၆၀၀၀၇၅၃၉ |
|---|---|---|

www.emref.org

www.facebook.com/emrmyanmar

# ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အပေါ် သဘောထားမှတ်ချက်များ

ဖေဖော်ဝါရီ ၁၉၊ ၂၀၁၇

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် သက်တမ်းတစ်နှစ်ပြည့်သွားပြီဖြစ်သော တနင်္သာရီတိုင်းလွှတ်တော်၏ တစ်နှစ်တာလုပ်ဆောင်ချက်အနှစ်ချုပ်ကို ဇယား(၁)နှင့် ဇယား(၂)တွင် ဖော်ပြထားသည်။ ထို့အပြင် တိုင်းဒေသကြီးကိုယ်စားလှယ်၊ နိုင်ငံရေးလုပ်ရှားသူများနှင့် အရပ်ဘက်အဖွဲ့အစည်းအချို့ကလည်း တိုင်းဒေသကြီးလွှတ်တော်နှင့်ပတ်သက်၍ ၎င်းတို့၏ အမြင်သဘောထားများကို ပြောကြားခဲ့သည်။

ဇယား(၁)

| ကြယ်ပွင့်ပြ မေးခွန်း | ကြယ်ပွင့်မပြ မေးခွန်း | (အဆို) | စုစုပေါင်း | ကတိကဝတ်ဖြစ်သည့် မေးခွန်း | အစိုးရမှဆောင်ရွက်ဆဲ |
|---|---|---|---|---|---|
| ၈၈ | ၆ | ၆ | ၁၀၅ | ၅၂ | ၂၉ |

ဇယား(၂)

| စဉ် | အစည်းအဝေး | အရေအတွက် |
|---|---|---|
| ၁။ | ပုံမှန်အစည်းအဝေး | ၃ ကြိမ် |
| ၂။ | အထူးအစည်းအဝေး | ၁ ကြိမ် |

### ဒေါက်တာထူးနေအောင်
### (ကျွန်းစုမဲဆန္ဒနယ် -၂)

တစ်နှစ်တာစွမ်းဆောင်မှု အနှစ်ချုပ်ကို အားရမှုမရှိဟု ကျွန်းစုမဲဆန္ဒနယ် ကိုယ်စားလှယ် ဒေါက်တာထူးနေအောင်က ဖွင့်ဟသည်။ လွှတ်တော်သည် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ပြီး ဥပဒေတစ်ခုမှမပြုနိုင်သည်မှာလည်း အားနည်းချက်တစ်ခုဖြစ်ကာ လွှတ်တော်ကော်မတီများ၏ လုပ်ဆောင်မှုများလည်း အားပျော့လွန်းသည်ဟု ဒေါက်တာထူးနေအောင်က ပြောသည်။

"ပြည်သူတွေကြားဆင်းရင် မျက်နှာတအားပူတယ်" ဟု ၎င်းက ဆိုသည်။

### ဦးအေးမင်း
### (ထားဝယ်တိုင်းရင်းသားများပါတီဥက္ကဋ္ဌ)

တစ်နှစ်တာ ပြည်သူ့ဘဏ္ဍာကုန်ကျမှုအရ မေးခွန်းနှင့်အဆိုတစ်ခုသည် မည်မျှတန်ကြေးရှိနေကြောင်း ဖော်ပြသည်ဟု ဦးအေးမင်းက ထောက်ပြသည်။

ဆက်လက်၍ "တိုင်းလွှတ်တော်နဲ့ ပတ်သက်ပြီး ဘာမှတ်ချက်မှမပေးလိုဘူး၊ အာ(ပါးစပ်)ညောင်းလွန်းလို့"ဟု ပြောသည်။

### ဦးကျော်မင်း(ပုလောမဲဆန္ဒနယ် - ၁)

တစ်နှစ်တာအတွင်း လွှတ်တော်တွင် မေးခွန်းနဲ့အဆို အများဆုံးတင်သွင်းသူ ဦးကျော်မင်းက အားလုံးစိတ်တိုင်းကျ မဖြစ်နိုင်သော်လည်း လွှတ်တော်အနေနှင့် ပြည်သူကိုမျက်နှာမူကာ အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်နေသည်ဟုမြင်ကြောင်း ပြောသည်။

"လိုအပ်ချက်တော့ ရှိတာပေါ့လေ။ ဒါပေမဲ့ အထိုက်အသင့်တော့ ကျေနပ်မှုရှိပါတယ်"ဟု ၎င်းကဆိုသည်။

### ဒေါ်ရီရီချို(မြိတ်မဲဆန္ဒနယ် - ၂)
### (အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များဆိုင်ရာကော်မတီဥက္ကဋ္ဌ)

တချို့ကိစ္စရပ်များတွင် လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း စုဖွဲ့လုပ်ဆောင်ရန် စိတ်ကူးစိတ်သန်းများ ရှိကြသော်လည်း လွှတ်တော်အစည်းအဝေးများ တစ်ခုနှင့်တစ်ခု အလှမ်းကွာလွန်းခြင်း၊ မိမိမဲဆန္ဒနယ်ရောက်ပါက မဲဆန္ဒနယ်ရှင်များနှင့် ကွင်းဆင်းတွေ့ဆုံနေရခြင်းများကြောင့် စိတ်ကူးများ အကောင်အထည်မဖော်နိုင်ဟု ဆိုသည်။

"ကျွန်မတို့ ဒီထက်မက စွမ်းဆောင်ပြချင်ပါသေးတယ်" ဟု ဆိုသည်။

### ကိုစည်သူနိုင် (နည်းပညာတက္ကသိုလ်ကျောင်းသားဟောင်း)

"လူငယ်တွေဘက်ကတော့ အများကြီးမျှော်လင့်တာပေါ့၊ ဒါပေမဲ့ ဘယ်အချိန်အကောင်အထည်ဖော်မလဲ မျှော်နေတယ်" ဟု ကိုစည်သူနိုင်က ဆိုသည်။

လက်ရှိ သက်တမ်းတစ်နှစ်အတွင်း လွှတ်တော်အစည်းအဝေးများက ပွင့်လင်းမြင်သာမှုရှိသည်ကိုတွေ့ရပြီး ထုတ်ဝေပြီးသော လွှတ်တော်သတင်းလွှာများကို ပြည်သူအများလေ့လာနိုင်ရန် အခမဲ့ဖြန့်ဝေစေလိုကြောင်း ဆိုသည်။

### ဦးထွန်းလွင်(တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ တိုင်းဥက္ကဋ္ဌဟောင်း)

လွှတ်တော်ဆင်ယင်ကျင်းပမှုနှင့် အကောင်အထည်ဖော်မှုများ ဝတ်ကျေတမ်းကျေဆန်နေလွန်းကာ အားမလိုအားမရကြောင်း ဦးထွန်းလွင်က ပြောသည်။

"အချိန်ကျလို့ ကိုယ်စားလှယ်တွေက လွှတ်တော်ကခေါ်လို့တာလာတယ်၊ မေးစရာရှိလို့ မေးတဲ့ပုံစံ၊ ဖြေတဲ့ဝန်ကြီးတွေကလည်း လိုရင်းမရောက်ဘဲ ပေရှည်လွန်းတာတွေ့ရတယ်" ဟု ၎င်းကဆိုသည်။

ဆက်လက်၍ တချို့ကိုယ်စားလှယ်များမှာ မေးခွန်းမေးမြန်းရာတွင် ကိုယ်သိလိုသည့် အဖြေမထွက်ဘဲ ရပ်နားလိုက်ခြင်းများကိုလည်းတွေ့ရသည်ဟု ၎င်းကဆိုသည်။

*(ကိုးကား - The Tanintharyi Weekly မှ ကောက်နုတ်တင်ပြသည်။)*